ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ပုလဲကျွန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၁၄)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| **စဉ်** | **ရာထူး၊လစာနှုန်း** | **ရာထူးနေရာ** | **အနိမ့်ဆုံးပညာ အရည်အချင်း** |
|---|---|---|---|
| (က) | ဒုလ/ထကြီးကြပ်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄)နေရာ | ဘွဲ့ရ |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၂)နေရာ | ဘွဲ့ရ |
| (ဂ) | လုပ်သား (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၈)နေရာ | အခြေခံပညာ မူလတန်းအဆင့် |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်ရ။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိဌာန၏ ခွင့်ပြုချက် မူရင်းပါရှိရမည်။ (သို့မဟုတ်) သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း ခံရပါက အနည်းဆုံး (၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက ပုလဲကျွန်းတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal) ၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များ ပြည့်စုံစွာ ဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်-

(က) အမည် ၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

( ဂ ) မွေးသက္ကရာဇ် နှင့် အသက် ၊

(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ၊

( င ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း၊

( စ ) လျှောက်ထားလိုသည့်ရာထူး ၊

(ဆ) မိဘ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် ၎င်းတို့၏ အလုပ်အကိုင်၊

( ဇ ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့် ဌာန ၊

( ဈ ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် ၊

(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ဖော်ပြရမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ပညာအရည်အချင်း ထောက်ခံချက် လက်မှတ်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) ၊

( ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

( ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရယူထားသည့် စာရိတ္တကောင်းမွန်ကြောင်းနှင့်သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း ၊

(ဃ) သက်ဆိုင်ရာ ရဲစခန်းမှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း ၊

( င) အလုပ်သမားမှတ်ပုံတင်ကတ် (မူရင်း) ၊

( စ) (၁)လ အတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့ အရွယ် ကာလာဓာတ်ပုံ (၃)ပုံ (ဓာတ်ပုံ နောက်ကျောတွင် အမည် နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ရေးသားရန်) ၊

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ ရှိပါက ခိုင်လုံသော အထောက်အထားမိတ္တူများ ၊

( ဇ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ(၁)လအတွင်းရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း)

(ဈ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာ ပုံစံများအား မြန်မာ့ပုလဲထုတ်လုပ်ရေး နှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းဝိုင်းအနီး၊ နေပြည်တော် နှင့် တနင်္သာရီတိုင်းဒေသကြီးရုံး၊ အမှတ်(၁၀)ကမ်းနားလမ်း၊ မြိတ်မြို့၊ မြိတ်ရုံး နှင့် ပုလဲကျွန်း တာဝန်ခံအရာရှိထံသို့ လိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ဖြင့် (၂၈-၁၁-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် ကြော်ငြာသင်ပုန်း၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ မြိတ်ရုံးခွဲ ကြော်ငြာသင်ပုန်းနှင့် ပုလဲကျွန်း ကြော်ငြာသင်ပုန်း တို့တွင် ကြေညာပေးထားမည်ဖြစ် ပါသည်။

၇။ လျှောက်ထားသူများသည် ရေးဖြေစစ်ဆေးခြင်းကို(၄-၁၂-၂၀၂၅)ရက်နေ့တွင်စစ်ဆေးခံရမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ (၈-၁၂-၂၀၂၅)ရက်နေ့တွင် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်သည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို (၂-၁၂-၂၀၂၅)ရက်နေ့၌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ စီမံရေးရာဌာနခွဲ၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ မြိတ်ရုံးခွဲ နှင့် ပုလဲကျွန်း တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။

၉။ သတ်မှတ်ရက်ထက် နောက်ကျ၍ရောက်လာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ အထောက်အထားမပြည့်စုံသောလျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသောလျှောက်လွှာများအား ပယ်ဖျက်ပါမည်။

၁၀။ အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းအမှတ် ၊ ၀၉-၄၂၉၂၀၅၂၉၆ ၊ ၀၅၉-၄၁၀၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**